**ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့**
**People's Alliance for Credible Elections-PACE**

## ရွေးကောက်ပွဲအကြိုကာလ သဘောထားအမြင်စစ်တမ်း ကနဦးအစီရင်ခံစာ

၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၃ ရက် (သောကြာနေ့)၊ ရန်ကုန်

---

## တွေ့ရှိချက်အကျဉ်းချုပ်

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲများ၏ ရွေးကောက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံသားများ၏သိရှိမှုနှင့် ပါဝင်လိုစိတ်အတိုင်းအတာတို့ကို သိရှိနိုင်ရန် ဇွန်လ ၂၉-၃၀ ရက်တို့တွင် ရွေးကောက်ပွဲအကြိုကာလစစ်တမ်းတစ်ခုကို လစ်လပ်မဲဆန္ဒနယ် ၁၂ ခု၌ (မန္တလေးတိုင်းဒေသကြီးရှိရှမ်းတိုင်းရင်းသားမဲဆန္ဒနယ်ကိုထည့်သွင်းကောက်ယူခြင်းမရှိပါ။) ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့က စစ်တမ်းကောက်ယူသူ ၁၂၂ ဦး၊ တွေ့ဆုံမေးမြန်းမှုပေါင်း ၁,၂၂၀ ခုဖြင့် ကောက်ယူခဲ့ပါသည်။

ယေဘုယျအားဖြင့် မဲဆန္ဒနယ် ၁၂ ခုရှိ နိုင်ငံသားထက်ဝက်ခန့်က နိုဝင်ဘာလတွင်ကြားဖြတ်ရွေးကောက်ပွဲရှိသည်ကို သိရှိပြီး သုံးပုံတစ်ပုံ ကသာ ဇူလိုင်လတွင်မဲစာရင်းကြေညာပြသမည်ကို သိရှိကြပါသည်။ မဲစာရင်းကြေညာပြသရာနေရာတွင် မဲစာရင်းပါအချက်အလက်များကို သွားရောက်ကြည့်ရှုရန် လိုက်လံနှိုးဆော်မှုများ ဆောင်ရွက်နေသူ မည်သူမှမရှိဟု စစ်တမ်းကောက်ယူရာဒေသရှိ နိုင်ငံသား တစ်ဝက်နီးပါးက ဖြေဆိုကြပါသည်။ လိုက်လံနှိုးဆော်နေသူများထဲတွင် ဒေသအာဏာပိုင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ (ခွဲ)များ ဖြစ်သည်ဟု အများဆုံးဖြေဆိုကြသည်ကို တွေ့ရပါသည်။ ကြေညာပြသထားသည့် မဲစာရင်းတွင် အချက်အလက်များကိုသွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရာ သွားရောက် ကြည့်ရှုစစ်ဆေးရန် ဆန္ဒရှိပါသည်ဟု ယင်းမဲဆန္ဒနယ်များရှိ နိုင်ငံသားထက်ဝက်ကျော်ကဖြေဆိုပါသည်။

မဲပေးရန်အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး နိုင်ငံသား ငါးဦးတွင်လေးဦးက အစီအစဉ်ရှိပါသည်ဟု ဖြေဆိုကြပါသည်။ ထို့နောက် ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိပါသလားဟုမေးမြန်းရာ စစ်တမ်းကောက်ယူရာနေရာရှိ နိုင်ငံသားအများစုက မည်သည့်စိုးရိမ်ပူပန်စရာမှ မရှိပါဟု ဖြေဆိုကြပါသည်။

ထို့ကြောင့်လာမည့်နိုဝင်ဘာတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု ပိုမိုမြင့်မားလာနိုင်ရန်နှင့် နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှု ပိုမိုမြင့်မားလာစေရန် ဤရွေးကောက်ပွဲအကြိုကာလ သဘောထားအမြင်စစ်တမ်း တွေ့ရှိချက်များ အပေါ်အခြေခံ၍ အောက်ပါတို့ကို အကြံပြုပါသည်။

## အကြံပြုချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ရွေးကောက်ပွဲလုပ်ငန်းစဉ်ပွင့်လင်းမြင်သာမှု ပိုမိုမြင့်မားလာပြီး၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များဖြစ်သည့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း၊ မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးခြင်းနှင့် မဲဆွယ်စည်းရုံးရေးကာလ စသည့်လုပ်ငန်းစဉ်များ၏ အချိန်စာရင်းကို ဆောလျင်စွာ ထုတ်ပြန်ပေးရန်။
- ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအရပ်ဘက်အဖွဲ့ အစည်းများနှင့် တွေ့ဆုံပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံသားများ၏ စိတ်ပါဝင်စားမှုနှင့် ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် နည်းလမ်းများရှာဖွေပြီး ဆောင်ရွက်ရန်။
- ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံသားများပိုမိုစိတ်ပါဝင်စားလာရေးနှင့် သိရှိရေးအတွက် ဆောင်ရွက်နေသည့် မဲဆန္ဒရှင်အသိပညာ ပေး လုပ်ငန်းအစီအစဉ်များတွင် အမျိုးသမီးများ၊ ကျေးလက်ဒေသနှင့် အသက် ၁၈-၃၅ နှစ်အကြား လူငယ်များကို ဦးတည်သည့် လုပ်ငန်းအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန်။
- မဲဆန္ဒရှင်စာရင်း ပိုမိုမှန်ကန်တိကျလာရေးနှင့် မဲဆန္ဒရှင်ပြည်သူများ၏ပါဝင်မှု ပိုမိုမြင့်မားလာရေးအတွက် သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြုပြီး SMS၊ မိုလ်ဘိုင်း-အက်ပ် (Mobile App)၊ အွန်လိုင်း( အင်တာနက်/ဝက်ဘ်ဆိုဒ်) စသည်တို့မှတဆင့် မဲစာရင်းကို အလွယ်တကူစစ်ဆေးနိုင်သည့် နည်းလမ်းများကို အသုံးပြုရန်။

နိုင်ငံရေးပါတီများ

- မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် ၎င်းတို့၏ အချက်အလက်များကို မဲစာရင်းကြေညာပြသမှုကာလ (ဇူလိုင်၉-၂၂ ရက်) မပြီးဆုံးမီ သွားရောက်ကြည့်ရှုစစ်ဆေးမှု ပိုမိုမြင့်မားလာရေးအတွက် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန်။
- ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံသားများပိုမိုစိတ်ပါဝင်စားလာရေးနှင့် သိရှိရေးအတွက် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်း အစီအစဉ်များကို ယခုကတည်းကစတင်ဆောင်ရွက်ကြရန်။ အထူးသဖြင့် အမျိုးသမီးများ၊ ကျေးလက်ဒေသနှင့် အသက် ၁၈-၃၅ နှစ် အကြားလူငယ်များကို ဦးတည်ဆောင်ရွက်ရန်။

ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများ

- မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနေဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရာ တွင် နိုင်ငံသားအားလုံးကို ဦးတည်သည့် အသိပညာပေးလုပ်ငန်းများအပြင် အမျိုးသမီးများ၊ ကျေးလက်ဒေသနှင့် အသက် ၁၈-၃၅ကြား လူငယ်များကို အဓိကဦးတည်သည့် အစီအစဉ်များထည့်သွင်းဆောင်ရွက်ရန်။

## စစ်တမ်းတွေ့ရှိချက်များ

### ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်ပြီးသိရှိမှု

ရွေးကောက်ပွဲနေ့တွင် လာရောက်မဲပေးသည့် မဲဆန္ဒရှင်အရေအတွက် မြင့်မားရေးသည် ဒီမိုကရေစီရွေးကောက်ပွဲများအတွက် အဓိကစိန်ခေါ်မှု တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် နိုဝင်ဘာလတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ပြင်ဆင်နေမှုများနှင့် ပတ်သက်၍ လစ်လပ် မဲဆန္ဒနယ်မြေ ၁၂ ခု (မန္တလေးတိုင်းဒေသကြီးရှိ ရှမ်းတိုင်းရင်းသားမဲဆန္ဒနယ်ကို စစ်တမ်းကောက်ယူမှုတွင် ထည့်သွင်းခြင်းမရှိ) တွင် နိုင်ငံသား

များ အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကိုသိရှိမှုနှင့် ပါဝင်ဆောင်ရွက်လိုမှုအတိုင်းအတာတို့ကို လေ့လာဆန်းစစ်နိုင်ရန် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

PACE အဖွဲ့ စစ်တမ်းကောက်ယူသူများက လာမည့်နိုဝင်ဘာလတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကို သိပါသလားဟု မေးမြန်းရာတွင် ထိုဒေသရှိ နိုင်ငံသားများ၏တစ်ဝက်ခန့် (၄၈%) ကသာ သိရှိပါသည်ဟုဖြေဆိုပါသည်။ မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်ပါက မြို့ပြတွင်နေထိုင်သူများ( ၅၅%) က ကျေးလက်တွင်နေထိုင်သူများ(၄၁%) ထက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကိုပိုမို သိရှိကြပါသည်။ အမျိုးသားနှင့် အမျိုးသမီးတွင် အမျိုးသားများ၏ ၅၆% က ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကိုသိရှိပြီး အမျိုးသမီးများ၏ ၄၀% ကသာ သိရှိကြသည်။ အသက်အရွယ်အပိုင်းအခြားအလိုက် နှိုင်းယှဉ်ရာတွင် အသက် ၃၅ နှစ်အထက်ရှိသူများ (၅၂%)က အသက် ၁၈-၃၅ နှစ်ကြား လူငယ်များ (၃၉%) ထက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကို ပိုမိုသိရှိကြပါသည် (ပုံ ၁)။




ပုံ ၁။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကိုသိရှိမှုအတိုင်းအတာ[1]

[1] လာမယ့် နိုဝင်ဘာလမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှာကို သိပါသလား။




ပုံ-၂။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကို သိရှိမှု (၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်နှိုင်းယှဉ်မှု)

**မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့်ပတ်သက်ပြီး သိရှိမှု၊ နှီးဆော်တိုက်တွန်းမှုနှင့် နိုင်ငံသားများ၏ ပါဝင်လိုမှု**

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းကြေညာပြသမှုကို လူအနည်းငယ်ကသာ မဲစာရင်းကြေညာပြသထားသည့်ကော်မရှင်အဖွဲ့ခွဲရုံးများသို့သွား ရောက်ပြီး ၎င်းတို့၏ မဲစာရင်းအချက်အလက်များနှင့် ပတ်သက်ပြီး ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ကြသည်ကို ယခင်စောင့်ကြည့်လေ့လာမှုများတွင်တွေ့ရှိရပါသည် (ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ၊ ၂၀၁၇ ကြားဖြတ် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ)။ ထို့ကြောင့် PACE အဖွဲ့အနေဖြင့် လာမည့် နိုဝင်ဘာလတွင်ကျင်းပမည့် ကြားဖြတ် ရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့် ပတ်သက်ပြီးနိုင်ငံသားများ၏သိရှိမှုကို တိုင်းတာနိုင်ရန် လေ့လာမှုများပြုလုပ်ခဲ့သည်။

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက *" ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်လမှာ မဲစာရင်းကြေညာပြသမှုပြုလုပ်ဖို့ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကြားမိပါသလား"* ဟုမေးမြန်းရာတွင် နိုင်ငံသားများ၏ သုံးပုံတစ်ပုံခန့် (၃၃%) ကသာ ကြားမိပါသည်ဟုဖြေဆို ခဲ့ပြီး ဖြေဆိုသူတစ်ဝက်ကျော် (၆၀%) က မကြားမိပါဟု ဖြေဆိုခဲ့ပါသည်။ မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်ပါက မြို့ပြတွင်နေထိုင်သူများ(၃၇%) က ကျေးလက်တွင်နေထိုင်သူများ(၂၉%) ထက် မဲစာရင်းကြေညာပြသမည်ကို ပိုမိုသိရှိကြပါသည်။ အမျိုးသားနှင့်အမျိုးသမီးတွင် အမျိုးသား များ (၃၇%) က အမျိုးသမီးများ (၂၉%) ထက်မဲစာရင်းကြေညာပြသမည်ကိုပိုမိုသိရှိကြပါသည်။ အသက်အပိုင်းအခြားအလိုက်နှိုင်းယှဉ်မှုတွင် လူငယ်များ(၁၈-၃၅ နှစ်)၏ ၂၆% ကသာ မဲစာရင်းကြေညာပြသမည်ကို ကြားသိပြီး လူကြီးများ (၃၅နှစ်အထက်)၏ ၃၆%က ကြားသိပါသည်ဟု ဖြေဆိုကြပါသည်။ (ပုံ ၃)




ပုံ ၃။ မဲစာရင်းကြေညာပြသမှုကိုကြားသိမှု[2]




ပုံ-၄။ မဲစာရင်းကြေညာပြမည်ကို ကြားသိမှု (၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်နှိုင်းယှဉ်မှု)

မဲစာရင်းကြေညာပြသမှုနှင့် ပတ်သက်ပြီး PACE အဖွဲ့စစ်တမ်းကောက်ယူသူများက လစ်လပ်မဲဆန္ဒနယ် ၁၂ ခုရှိနိုင်ငံသားများကို ၎င်းတို့၏ ဒေသတွင် မဲဆန္ဒရှင်စာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် လိုက်လံနှိုးဆော်နေကြသည့် အဖွဲ့အစည်းများရှိ/မရှိ မေးမြန်းရာ နိုင်ငံသားများ၏ တစ်ဝက်နီးပါး (၄၄%) က မည်သူမှ နှိုးဆော်တိုက်တွန်းခြင်းမရှိပါဟု ဖြေဆိုကြပါသည်။ သို့သော် နိုင်ငံသားများ၏ ၁၉% က ဒေသအာဏာပိုင်များက တိုက်တွန်းနှိုးဆော်မှုပြုလုပ်သည်ဟုဖြေဆိုပြီး ၁၂ % ကမူ ရွေးကောက်ပွဲကော်မရှင်က ပြုလုပ်သည်ဟု ဖြေဆိုပါသည် (ပုံ-၅)။

[2] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **ဇူလိုင်လမှာ** မဲစာရင်းကြေညာပြသမှု ပြုလုပ်မယ်ဆိုတာကို ကြားမိပါသလား။




ပုံ-၅။ မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန်နှိုးဆော်မှုကို ဆောင်ရွက်နေမှု[3]




ပုံ-၆။ မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် နှိုးဆော်မှုကိုဆောင်ရွက်နေသူများ (မြို့ပြ နှင့်ကျေးလက် နှိုင်းယှဥ်မှု)

[3] မဲစာရင်းကြေညာပြသတာကို လာကြည့်ရှုစစ်ဆေးဖို့ ဘယ်သူတွေက လိုက်လံနှိုးဆော်နေပါသလဲ။

ဆက်လက်၍ PACE အဖွဲ့စစ်တမ်းကောက်ယူသူများက မည်သည့်နေရာတွင်မဲစာရင်းသွားရောက်ကြည့်ရှုရမည်ကို သိပါသလားဟု မေးမြန်း ရာ နိုင်ငံသားများ၏ ထက်ဝက်ကျော် (၅၉%) ကသိရှိပါသည်ဟုဖြေဆိုပြီး ကျန် ၄၁% က မည်သည့်နေရာတွင် သွားရောက်ကြည့်ရှုရမည်ကို မသိပါဟုဖြေဆိုပါသည်။ မြို့ပြနှင့်ကျေးလက်တွင် မြို့ပြတွင်နေထိုင်သူ ၆၅% က မဲစာရင်းကြေညာပြသမည့်နေရာကို သိရှိပြီး ကျေးလက်တွင်နေထိုင်သူ ၅၂% က မဲစာရင်းမည်သည့်နေရာတွင်ကြေညာပြသမည်ကိုသိရှိကြပါသည်။ အမျိုးသားနှင့်အမျိုးသမီးတွင် အမျိုးသားများ (၆၄%) က အမျိုးသမီးများ (၅၃%) ထက် မည်သည့်နေရာတွင် မဲစာရင်းကြေညာပြသမည်ကို သိရှိကြပါသည် (ပုံ-၇)။




ပုံ-၇။ မဲစာရင်းကြေညာပြသမည့်နေရာကို သိရှိမှုအတိုင်းအတာ[4]

ထို့နောက် မဲစာရင်းကြေညာပြသချိန်တွင် မဲစာရင်းပါအချက်အလက်များကို သွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်ရှိပါသလားဟု မေးမြန်းရာ နိုင်ငံသားများ၏ သုံးပုံနှစ်ပုံနီးပါး (၆၃%) ကသွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်ရှိပါသည်ဟုတုံ့ပြန်ကြပါသည်။ မြို့ပြတွင်နေထိုင်သူ (၆၄%)နှင့် ကျေးလက်တွင်နေထိုင်သူ (၆၃%)၊ အသက် ၁၈-၃၅ နှစ်ရှိသူ (၆၃%) နှင့် အသက် ၃၅ နှစ်အထက်ရှိသူ (၆၅%) တို့အကြား မဲစာရင်းသွားကြည့်ရှုစစ်ဆေးမည်ဟု ဖြေဆိုသည့်ရာခိုင်နှုန်း ကွာခြားမှုမရှိသော်လည်း အမျိုးသားများ(၆၉%) က အမျိုးသမီးများ (၅၈%) ထက် မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန်အစီအစဉ်ရှိသည်ဟု တုံ့ပြန်ဖြေဆိုသူပိုမိုများပြားသည်ကိုတွေ့ရပါသည် (ပုံ-၈)။

[4] မဲစာရင်း **ဘယ်နေရာ**မှာ သွားရောက်ကြည့်ရှုရမယ် ဆိုတာကို သိပါလား။




ပုံ-၈။ မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ် ရှိမှု/မရှိမှု အတိုင်းအတာ

မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်မရှိပါဟု တုံ့ပြန်ဖြေသူများကို မည့်သည့်အကြောင်းပြချက်ကြောင့် သွားရောက်ကြည့်ရှုစစ်ဆေးခြင်းမပြုလုပ်ရန် ဆုံးဖြတ်သည်ကိုမေးမြန်းရာ စိတ်ပါဝင်စားမှုမရှိခြင်း (စိတ်မဝင်စားပါ-၂၆% နှင့် အလုပ်မအားလပ်ပါ-၂၃%) က အဓိကအကြောင်းအရင်းဖြစ်သည်ကိုတွေ့ရပါသည်( ပုံ-၉)။




ပုံ-၉။ မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် မလိုသည့်အကြောင်းအရင်း[5]

[5] ဘာဖြစ်လို့ မဲစာရင်းသွား မကြည့်ရတာလဲ ဆိုတာကို ပြောပြပေးလို့ ရမလား။

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက  မဲစာရင်းပါအချက်အလက်များကို မဲစာရင်းကြေညာပြသရာနေရာတွင် သွားရောက်ကြည့်ရှု စစ်ဆေးခြင်းနည်းလမ်းအပြင် အခြားအဆင်ပြေလွယ်ကူသည့်နည်းလမ်းရှိပါက ပြောပြပေးပါဟုမေးမြန်းရာ နိုင်ငံသားများ၏ ၃၈% ကမည်သည့် နည်းလမ်းမှ မရှိပါဟုဖြေဆိုပြီး Facebook/messenger ၂၂%၊ ဖုန်းမက်ဆေ့ ၁၃%၊ online/website ၆% နှင့် မိုလ်ဘိုင်းအက်ပ် ၃% ဟု ဖြေဆိုကြပါသည် (ပုံ-၁၀)။




ပုံ-၁၀။ မဲစာရင်းပါအချက်အလက်များကို ကြည့်ရှုစစ်ဆေးနိုင်မည့် အခြားနည်းလမ်းများ[6]




ပုံ-၁၁။ မဲစာရင်းပါအချက်အလက်များကို ကြည့်ရှုစစ်ဆေးနိုင်မည့် အခြားနည်းလမ်းများ (မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်မှု)

[6] မဲစာရင်းကြေညာပြသတဲ့အချိန်မှာ သွားရောက်ကြည့်ရှုစစ်ဆေးတဲ့နည်းလမ်းအပြင် အခုဖတ်ပြမယ့်နည်းလမ်းတွေထဲက ဘယ်နည်းလမ်းတွေဟာ [သင့်] အတွက် အသုံးဝင်မလဲဆိုတာ ပြောပြပေးပါ။

## ကြားဖြတ်ရွေးကောက်ပွဲအပေါ် သဘောထားအမြင်နှင့် မဲပေးလိုစိတ်

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက *"လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ သင့်ရဲ့ အစိုးရိမ်ဆုံးအရာတွေကဘာလဲ"* ဟု မေးမြန်းရာတွင် နိုင်ငံသားအများစု (၇၈%)က ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိုးရိမ်ပူပန်စရာမရှိဟု ဖြေဆိုပါသည် (ပုံ-၁၂)။ ထို့နောက် PACE အဖွဲ့ စစ်တမ်းကောက်ယူသူများကလာမည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းရာ နိုင်ငံသားများ၏ ၈၂% က မဲပေးရန်အစီအစဉ်ရှိပါသည်ဟု ဖြေဆိုကြပါသည်။ မြို့ပြတွင်နေထိုင်သူများ(၈၀%) နှင့် ကျေးလက်တွင်နေထိုင်သူများ (၈၄%)၊ အမျိုးသား များ (၈၅%) နှင့် အမျိုးသမီးများ(၇၉%)၊ အသက် ၁၈-၃၅ နှစ်ကြား (၈၀%)နှင့် အသက် ၃၅ နှစ်အထက် (၈၃%) ရှိသူတို့ အကြား မဲပေးလိုစိတ် တို့မှာ ကြီးမားသော ကွာခြားချက်မရှိသည်ကိုတွေ့ရှိရပါသည် (ပုံ-၁၃)။

မဲပေးရန်အစီအစဉ်ရှိသည်ဟု ဖြေဆိုတုံ့ပြန်သူများကို မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများကို ဆက်လက်မေးမြန်းရာ သုံးပုံတစ်ပုံခန့် (၃၄%) က နိုင်ငံသား၏ တာဝန်ဖြစ်သောကြောင့်ဟုဖြေဆိုပြီး ၁၇% က ဒေသဖွံ့ဖြိုးတိုးတက်လိုသောကြောင့်နှင့် ၁၆% က ကျနော်/ကျမ ကြိုက်နှစ်သက်သော နိုင်ငံရေးပါတီတစ်ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးကို ထောက်ခံလိုသောကြောင့်/ရွေးချယ်လိုသောကြောင့်ဟု စသည်ဖြင့် ဖြေဆိုကြပါသည် (ပုံ-၁၄)။




ပုံ-၁၂။ ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိုးရိမ်ပူပန်မှု[7]

[7] လာမယ့်ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဘာတွေကိုစိုးရိမ်ပူပန်ပါသလဲ။




ပုံ-၁၃။ မဲပေးလိုစိတ်အတိုင်းအတာ[8]




ပုံ-၁၄။ မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများ (လစ်လပ်မဲဆန္ဒနယ် ၁၂ ခုလုံး)[9]

---

[8] လာမယ့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်ချို့သူတွေ ကမဲပေးဖို့ အစီအစဉ်ရှိကြတယ်၊ တစ်ချို့သူတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် မဲပေးဖို့အစီအစဉ်မရှိကြပါဘူး။ သင့်အနေနဲ့ရော မဲပေးဖို့ အစီအစဉ်ရှိပါသလား။

[9] ဘာကြောင့် မဲသွားပေးမယ်ဆိုတာကို ပြောပြပေးပါ။




ပုံ-၁၅။ မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများ (ဒေသအလိုက် နှိုင်းယှဉ်မှု)




ပုံ-၁၆။ မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများ (ကျား-မ နှိုင်းယှဉ်မှု)




ပုံ-၁၇။ မဲပေးရခြင်း၏ အဓိကကြောင်းအရင်းများ ( အသက်အရွယ်အလိုက် နှိုင်းယှဉ်မှု)

**စစ်တမ်းကောက်ယူသည့်နည်းစနစ်**

၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံသားများ၏ သိရှိမှုအတိုင်းအတာ၊ ပါဝင်လိုမှု စသည်တို့ကို သိရှိနိုင်ရန် ရွေးကောက်ပွဲအကြိုကာလစစ်တမ်းတစ်ခုကို လစ်လပ်မဲဆန္ဒနယ် ၁၂ ခု (မြို့နယ် ၁၂ ခု)တို့တွင် မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းကာ ကောက်ယူခဲ့ပါသည်။ အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် အသက် ၁၈ နှစ်ပြည့်သူ နိုင်ငံသားများကို PACE အဖွဲ့က စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ပါသည်။ ဒေသတစ်ခုလုံး၏ သဘောထားအမြင်များကို ထင်ဟပ်စေရန် စစ်တမ်းကောက်ယူသည့် လစ်လပ်မဲဆန္ဒနယ် ၁၂ ခုတွင် ကျေးလက်နှင့်မြို့ပြဒေသ နှစ်ခုလုံး၌ စစ်တမ်းကောက်ယူမှုကို ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းကို ပြည်နယ်နှင့်တိုင်းဒေသကြီး ၉ ခုမှ မြို့နယ် ၁၂ မြို့နယ်တွင်းရှိ ကျေးရွာနှင့် ရပ်ကွက် ၁၂၂ ခု တွင် စစ်တမ်းကောက်ယူသူ ၁၂၂ ဦးက မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းမှုစုစုပေါင်း ၁၂၂၀ ပြုလုပ်ကာ ကောက်ခံခဲ့ခြင်းဖြစ်သည်။ စစ်တမ်းကောက်ယူမှုကို နိုင်ငံတကာအသိအမှတ်ပြု စာရင်းအင်းနည်းပညာအရ ကျပန်းနမူနာ ရွေးချယ်သည့် နည်းစနစ်အတိုင်းကောက်ယူမှုပြုလုပ်ခဲ့ပါသည်။

| စစ်တမ်းကောက်ယူမှုနည်းစနစ်ဆိုင်ရာ အချက်အလက်များ | |
|---|---|
| ကြားဖြတ်ရွေးကောက်ပွဲနေရာများရှိ အသက် ၁၈ နှစ် ပြည့်ပြီးသူ ခန့်မှန်းခြေဦးရေ<br>(၂၀၁၇ ခုနှစ် ခန့်မှန်းလူဦးရေစာရင်းအရ) | ၇၈၄, ၂၄၆ ဦး |
| တွေ့ဆုံမေးမြန်းမှုအရေအတွက် | ၁, ၂၂၀ ခု |
| မှားယွင်းနိုင်ချေ အကန့်အသတ်+ | စိတ်ချယုံကြည်နိုင်မှု ၉၅% တွင် မှားယွင်းနိုင်ချေအကန့်အသတ် +/- ၂.၈ % |
| စစ်တမ်းကောက်ယူသည့်ကာလ | ၂၀၁၈ခုနှစ် ဇွန်လ ၂၉-၃၀ ရက် |
| အချက်အလက်ထည့်သွင်းသည့်ကာလ | ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂-၄ ရက်ထိ |

+မှားယွင်းနိုင်ချေအကန့်အသတ်သည် မြို့ပြနှင့် ကျေးလက်အတွက်ဆိုလျှင် +/- ၄%၊ ကျား-မ အတွက်ဆိုလျှင် +/- ၄%၊ အသက်အရွယ်အပိုင်းအခြား အတွက် ဆိုလျှင် +/- ၅.၃% စသဖြင့် မြင့်တက်သွားမည်ဖြစ်ပါသည်။

**ကျေးဇူးတင်လွှာ**

ပဏာမဦးစွာ ရွေးချယ်ထားသည့် ရပ်ကွက်နှင့်ကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပေးခဲ့သည့် စစ်တမ်းကောက်ယူသူလုပ်အားပေး ၁၂၂ ဦးကို ကျေးဇူးအထူးတင်ရှိကြောင်းဖော်ပြလိုပါသည်။ ဤစစ်တမ်းကောက်ယူမှုတွင် ငွေကြေးနှင့် နည်းပညာအထောက်အပံ့များ ကူညီပေးခဲ့သည့် UK Department for International Development (DFID) ၊ National Democratic Institute (NDI) နှင့် National Endowment for Democracy (NED) တို့ကိုလည်း ယင်းအထောက်အပံ့တို့အတွက် ကျေးဇူးဥပကာယ တင်ရှိပါသည်။

**အဖွဲ့အစည်းနောက်ခံအကျဉ်း။**

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People’s Alliance for Credible Elections-PACE) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသည့် အစိုးရမဟုတ်သောပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု နှင့် နိုင်ငံသားများအားလုံးပါဝင်ခွင့် ပိုမိုတိုးတက်မြင့်မားလာစေရန် နိုင်ငံသားအခွင့်အရေးအသိပညာပေးခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် ရွေးကောက်ပွဲဥပဒေမူဘောင် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရန်**
**နန်းနေခြည်မင်း ၀၉ ၇၉၇၉ ၆၉၆၉ ၄ neichiminn@pacemyanmar.org၊**
**သဇင်လှိုင် ၀၉ ၉၇၂ ၀၅၆ ၂၈၀ thazinhlaing@pacemyanmar.org**
**၁၄၊ စံရိပ်ငြိမ် ၅ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်**